Washington Apple Health

# သင့် Apple Health အရည်အချင်းပြည့်မီမှုအား အတည်ပြုခြင်း

သင့် Apple Health (Medicaid) အာမခံအကျုံးဝင်လွှမ်းခြုံမှုအား သင် လျှောက်ထားပြီးသည့်နောက်တွင် သို့မဟုတ် သက်တမ်းတိုးပြီးသည့်နောက်တွင် သင်၏ အရည်အချင်းပြည့်မီမှုအား အတည်ပြုပေးရန်အလို့ငှာ နောက်ထပ်သော အချက်အလက်များအား တောင်းဆိုသည့် စာတစ်စောင်အား သင် လက်ခံရရှိကောင်း ရရှိပေမည်။ ဤသည်အား နောက်ပိုင်းကာလ အရည်အချင်းပြည့်မီမှုအား သုံးသပ်ခြင်း (PER) ဟု ခေါ်ဆိုပေသည်။

## နောက်ပိုင်းကာလ အရည်အချင်းပြည့်မီမှုအား သုံးသပ်ခြင်းဆိုသည်မှာ အဘယ်သို့နည်း။

နောက်ပိုင်းကာလ အရည်အချင်းပြည့်မီမှုအား သုံးသပ်ခြင်း (PER) သည် Apple Health အာမခံအကျုံးဝင်လွှမ်းခြုံမှုအတွက် သင်၏ အရည်အချင်းပြည့်မီမှုအား အတည်ပြုနိုင်စေဖို့ Health Care Authority (ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အာဏာပိုင်၊ HCA) အား အထောက်အကူပြုပေးသည်။ PER များသည် အထူးသဖြင့် Modified Adjust Gross Income (မွမ်းမံပြုပြင်ထားသည့် စုစုပေါင်း ဝင်ငွေ ချိန်ညှိမှု၊ MAGI) ပရိုဂရမ်အစီအစဥ်များဟု သိရှိထားကြသည့် အရွယ်ရောက်လူကြီးများ၊ ကလေးများ၊ ကိုယ်ဝန်ဆောင်များ၊ နှင့် မိဘ/စောင့်ရှောက်မှုပေးသူများ အစရှိသည်တို့အတွက် Apple Health ဖြင့် အထူးသက်ဆိုင်ပေသည်။ ဤပရိုဂရမ်အစီအစဥ်များသည် Washington Healthplanfinder မှတစ်ဆင့် လျှောက်ထားရခြင်း ဖြစ်သည်။

သင်၏ Washington Healthplanfinder လျှောက်လွှာအတွင်းသို့ သင် ထည့်သွင်းလိုက်သော အချက်အလက်များအား အသုံးပြုကာ Apple Health အတွက် သင်၏ အရည်အချင်းပြည့်မီမှုအား သတ်မှတ်ဆုံးဖြတ်ခြင်း ဖြစ်သည်။ လျှောက်လွှာအတွင်း ဖော်ပြထားသော အချက်အလက်များသည် ပြည်နယ် သို့မဟုတ် ဖက်ဒရယ် ဝင်ငွေ ဒေတာဘေ့စ်များဖြင့် ကိုက်ညီမှုမရှိသည့်အခါတွင် PER တစ်ခုမှတစ်ဆင့် အတည်ပြုခြင်းအား လိုအပ်နိုင်ပါသည်။ သင်၏ ဝင်ငွေ၊ နိုင်ငံသားဖြစ်မှု သို့မဟုတ် တရားဝင် တည်ရှိနေမှု အစရှိသည်တို့အပေါ်အခြေခံ၍ အရည်အချင်းပြည့်မီမှုအား အတည်ပြုရန်ငှာ PER များအား Health Care Authority (ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အာဏာပိုင်၊ HCA) ဝန်ထမ်းများမှ ဖြည့်စွက်ရခြင်း ဖြစ်သည်။

> **ဥပမာ** – သင်သည် သင်၏ အလုပ်တစ်ခုမှ တစ်လဝင်ငွေသည် $1,000 ဖြစ်ကြောင်း တင်ပြထားသော်လည်း အလုပ်ခန့်အပ်မှုဆိုင်ရာ လုံခြုံရေး ဌာန (ESD) မှမူ သင်၏ ဝင်ငွေသည် တစ်လ $1,850 ဖြစ်ကြောင်း တွေ့ရှိရသည်။ ဤအခြင်းအရာအား HCA ထံသို့ အသိပေးအကြောင်းကြားမည် ဖြစ်ပြီး၊ ၎င်းမှတစ်ဆင့် သင့် ဝင်ငွေအား အတည်ပြုပေးရန် တောင်းဆိုသော စာတစ်စောင်အား သင့်ထံသို့ ပေးပို့မည် ဖြစ်သည်။

တစ်ခါတစ်ရံတွင် ဝန်ထမ်းများသည် သင်၏ အရည်အချင်းပြည့်မီမှုအား အတည်ပြုရန်၊ ထို့ပြင် သင်၏ လက်ရှိ ဝင်ငွေ သို့မဟုတ် အခြေအနေများအပေါ် ထင်ဟပ်မှုရှိသည့် အပြောင်းအလဲများအား သင်၏ လျှောက်လွှာအတွင်း မွမ်းမံပြင်ဆင်မှုပြုရန် အစရှိသည်တို့အတွက်ငှာ ပြည်နယ် နှင့် ဖက်ဒရယ် ဒေတာဘေ့စ်မှ အချက်အလက်များအား အသုံးပြုနိုင်ပါသည်။ သင်၏ အရည်အချင်းပြည့်မီမှုအား ကျွန်ုပ်တို့ အတည်ပြုနိုင်ခြင်း မရှိပါက အချက်အလက်များအား တောင်းဆိုသည့် စာတစ်စောင် (သို့မဟုတ် သင်နှစ်သက်ရာအပေါ်အခြေခံ၍ အီးမေးလ်တစ်စောင်)အား သင့်ထံသို့ ပေးပို့မည် ဖြစ်သည်။ စာအတွင်း တောင်းဆိုထားသည့် အချက်အလက်များအား ထောက်ပံ့ပေးရန် သင့်တွင် 15 ရက် အချိန်ရရှိမည် ဖြစ်သည်။ သတ်မှတ်ထားသည့် ရက်စွဲအမီ တောင်းဆိုထားသည့် အချက်အလက်များအား သင် ထောက်ပံ့ပေးခဲ့ခြင်း မရှိပါက သင်၏ အာမခံအကျုံးဝင်လွှမ်းခြုံမှု ပိတ်သိမ်းခံရနိုင်ပါသည်။

## မည်သည့်အတွက်ကြောင့် ဝင်ငွေ အတည်ပြုပေးရန် ကျွန်ုပ်အား တောင်းဆိုပါသနည်း။

သင်သည် မကြာသေးမီက Washington Healthplanfinder မှတစ်ဆင့် Apple Health အာမခံအကျုံးဝင်လွှမ်းခြုံမှု အတွက် ထောက်ခံခွင့်ပြုချက် ရရှိခဲ့သည် သို့မဟုတ် သင်၏ လက်ရှိ တည်ရှိနေသော Apple Health အာမခံအကျုံးဝင်လွှမ်းခြုံမှုအား သက်တမ်းတိုးခဲ့သည်၊ သို့ရာတွင် သင်၏ လျှောက်လွှာအတွင်း ဖော်ပြထားသည့် ဝင်ငွေဆိုင်ရာ အချက်အလက်များသည် ပြည်နယ် သို့မဟုတ် ဖက်ဒရယ် ဒေတာဘေ့စ်အတွင်းမှ အချက်အလက်များဖြင့် ကိုက်ညီမှုမရှိပေ။

ဤအချက်အလက်များအား ထောက်ပံ့ပေးရန် မည်သည့်အတွက်ကြောင့် သင် တောင်းဆိုခံရကြောင်းနှင့်ပတ်သက်၍ နောက်ထပ် ပိုမိုလေ့လာရန်ငှာ Washington စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ ကုဒ်စည်းမျဥ်းများ (WAC) အား ကြည့်ရှုပေးပါ –

- ဝင်ငွေ (အပိုင်း 1)
- ဝင်ငွေ (အပိုင်း 2)
- အိမ်ထောင်စု ဖွဲ့စည်းပုံ

## ကျွန်ုပ်၏ အချက်အလက်များအား ယခုလေးပင် မွမ်းမံပြင်ဆင်ထားခဲ့ပြီးဖြစ်လျှင် အတည်ပြုချက်အား တောင်းဆိုသည့် စာအား ကျွန်ုပ် တုံ့ပြန်ဆောင်ရွက်ပေးဖို့ လိုအပ်ပါသေးလား။

လိုအပ်ပါသည်။ အကယ်၍ သင်သည် Apple Health အာမခံအကျုံးဝင်လွှမ်းခြုံမှုအား လျှောက်ထား သို့မဟုတ် သက်တမ်းတိုးခဲ့ပြီးနောက် နောက်ထပ်သော အချက်အလက်များအား တောင်းဆိုသော စာတစ်စောင်အား သင် လက်ခံရရှိခဲ့လျှင် သင့်အနေနှင့် ၎င်းအား တုံ့ပြန်ဆောင်ရွက်ပေးဖို့ လိုအပ်ပါသည်၊ သို့မှသာ သင်၏ အရည်အချင်းပြည့်မီမှုအား ကျွန်ုပ်တို့ အတည်ပြုနိုင်မည် ဖြစ်သည်။ ထောက်ခံခွင့်ပြုချက် စာတစ်စောင်အား သင် လက်ခံရရှိထားသည့်တိုင် အကယ်၍ အချက်အလက်တောင်းဆိုသည့်စာအား သင် တုံ့ပြန်ဆောင်ရွက်ပေးခြင်း မရှိလျှင် သင်၏ အာမခံအကျုံးဝင်လွှမ်းခြုံမှု ပိတ်သိမ်းခံရနိုင်ပါသည်။

## ကျွန်ုပ်၏ အိမ်ထောင်စုအတွင်းမှ မိသားစုဝင်တိုင်းအတွက် ဝင်ငွေ အတည်ပြုချက်အား ကျွန်ုပ် ပေးပို့ဖို့ လိုအပ်ပါသလား။

ဟုတ်ပါသည်၊ ဤတွင် အောက်ပါတို့အားလုံး အကျုံးဝင်သက်ဆိုင်ပါသည် –

- သင်ကိုယ်တိုင်၊
- သင့်အိမ်ထောင်ဖက် သို့မဟုတ် ပူးတွဲမိဘအုပ်ထိန်းဖော်၊ အကယ်၍ သင်တို့အတူတကွ နေထိုင်ကြလျှင် သို့မဟုတ် ထိမ်းမြားလက်ထပ်ထားသူအဖြစ် အတူတကွ အခွန်များ လျှောက်ထားကြလျှင်၊ ထို့ပြင်
- အခွန်မှီခိုသူများ အားလုံး၊ အကယ်၍ ၎င်းတို့၏ ဝင်ငွေသည် IRS အခွန်လျှောက်ထားမှုဆိုင်ရာ သတ်မှတ်ချက်ဖြင့် ပြည့်မီကိုက်ညီနေခဲ့လျှင်။
  - အခွန်မှီခိုသူ၏ ဝင်ငွေနှင့်ပတ်သက်သည့် နောက်ထပ်သော အချက်အလက်များအတွက် ပြည်တွင်း အခွန်ဌာန လမ်းညွှန်ချက်များအား ကြည့်ရှုပါ

## ကျွန်ုပ်၏ ဝင်ငွေအား အတည်ပြုရန်အတွက် မည်သည့် စာရွက်စာတမ်းများ တင်သွင်းရမည်ဖြစ်ကြောင်းကို ကျွန်ုပ် မည်သို့ သိရှိနိုင်မည်နည်း။

သင့်ဝင်ငွေပေါ်မူတည်ပြီး မည်သည့် စာရွက်စာတမ်း အမျိုးအစားများအား တင်သွင်းရမည်ဖြစ်ကြောင်း နောက်ထပ် ပိုမိုလေ့လာရန်အတွက် အောက်ပါ ဇယားကွက်များအား ကြည့်ရှုပေးပါ။

| ဝင်ငွေ အမျိုးအစား | လက်သင့်ခံပေးနိုင်သော အတည်ပြုချက် ပုံစံများ |
| --- | --- |
| အိမ်ထောင်စုအတွင်း ဝင်ငွေ မရှိပေ | အလုပ်ရှင် အမည်နှင့် နောက်ဆုံး အလုပ်လုပ်ကိုင်ခဲ့သည့် နေ့ရက်တို့ ပါဝင်သော အလုပ်ရှင်ထံမှ စာတစ်စောင်<br>သင့်တွင် ဝင်ငွေမရှိကြောင်း နှင့် သင် အလုပ်လုပ်ကိုင်ခဲ့သည့် နောက်ဆုံးနေ့ရက်တို့အား ရေးသား သို့မဟုတ် နှုတ်ထွက် ဖော်ပြချက်တစ်ခု |
| ရှာဖွေရရှိသော ဝင်ငွေ (ဘောက်ဆူးများနှင့် ကော်မရှင်ကြေးများ အပါအဝင် အလုပ်အကိုင်တစ်ခုမှ ရရှိသော ဝင်ငွေ) | နောက်ဆုံးသော ရက် 60 စာ လုပ်ခဖြတ်ပိုင်းများ အားလုံး၏ မိတ္တူအပြည့်အစုံ၊ သို့မဟုတ်<br>ဘောက်ဆူးကြေးများ၊ အပတ်စဉ် အလုပ်လုပ်ချိန်နာရီများ၊ နာရီပိုင်းအလိုက် လုပ်အားခများ နှင့် ငွေပေးချေမှု ကြိမ်ရည် အစရှိသည်တို့အား ဖော်ပြထားပြီး၊ သင်၏ အလုပ်ရှင်မှ ရက်စွဲတပ်၊ လက်မှတ်ရေးထိုးထားသော စာတစ်စောင် |
| ကိုယ်ပိုင်လုပ်ငန်းမှ ဝင်ငွေ<br>အငှားချထားမှုမှ ဝင်ငွေ<br>လယ်ယာစိုက်ပျိုးရေး ဝင်ငွေ | အချိန်စာရင်းများ နှင့် ပူးတွဲပေးပို့မှုများ အားလုံး အပါအဝင် သင်၏ မကြာသေးမီ နောက်ဆုံး အခွန်ပြေစာ မိတ္တူအပြည့်အစုံ တစ်စောင်၊ အကယ်၍ ၎င်းသည် တစ်နှစ်တာလုံးအတွက် သင်၏ လက်ရှိဝင်ငွေအား အကောင်းဆုံး ကိုယ်စားပြုဖော်ပြပေးနိုင်သည်ဆိုလျှင်၊ သို့မဟုတ်<br>စီးပွားရေးလုပ်ငန်းမှ စုစုပေါင်း လစဉ်ဝင်ငွေ၊ IRS ခွင့်ပြုထားသည့် ဝင်ငွေနုတ်ယူဖြတ်တောက်မှုများ နှင့် စီးပွားရေးလုပ်ငန်း အသားတင်ဝင်ငွေ အစရှိသည်တို့ ပါဝင်သည့် လတ်တလော နောက်ဆုံး 3 လတာ အကျိုးအမြတ် နှင့် ငွေဆုံးရှုံးမှု ဖော်ပြချက်တစ်စောင် |
| လူမှုဖူလုံရေး ဝင်ငွေ<br>အလုပ်လက်မဲ့ဖြစ်နေသူများ၏ အကျိုးခံစားခွင့်များ<br>ရင်းနှီးမြှုပ်နှံမှုမှ ရရှိမှုများ<br>အစုပေါ်အမြတ် ဝင်ငွေ<br>IRA/401K ဝင်ငွေ<br>နှစ်စဉ်ထုတ်ယူရသော ရန်ပုံငွေ/ပင်စင်ကြေး ဝင်ငွေ<br>အတိုးရရှိမှု ဝင်ငွေ<br>အခွန်ကောက်ခံမှုပြုနိုင်သော မျိုးနွယ်စုဆိုင်ရာ ဝင်ငွေ<br>မူပိုင်ခ ဝင်ငွေ<br>မယားစရိတ်/အိမ်ထောင်ဖက် ထောက်ပံ့ကြေး<br>မြှုပ်နှံအပ်နှံထားမှုမှ ရရှိသော ဝင်ငွေ<br>နိုင်ငံခြား ဝင်ငွေ<br>မီးရထားအလုပ်အကိုင်မှ လုပ်သက်အနားယူသူများထံ ထောက်ပံ့ငွေ<br>အခြားသော အခွန်ကောက်ခံနိုင်သည့် ဝင်ငွေများ | အချိန်စာရင်းများ နှင့် ပူးတွဲပေးပို့မှုများ အားလုံး အပါအဝင် သင်၏ မကြာသေးမီ နောက်ဆုံး အခွန်ပြေစာ မိတ္တူအပြည့်အစုံ တစ်စောင်၊ |

## ကျွန်ုပ်၏ ဝင်ငွေနုတ်ယူဖြတ်တောက်မှုများအား အတည်ပြုရန်အတွက် မည်သည့် စာရွက်စာတမ်းများ တင်သွင်းရမည်ဖြစ်ကြောင်းကို ကျွန်ုပ် မည်သို့ သိရှိနိုင်မည်နည်း။

သင်၏ ဝင်ငွေနုတ်ယူဖြတ်တောက်မှုများအပေါ် အခြေခံပြီး မည်သည့် စာရွက်စာတမ်း အမျိုးအစားများအား တင်သွင်းရမည်ဖြစ်ကြောင်း နောက်ထပ် ပိုမိုလေ့လာရန်အတွက် အောက်ပါ ဇယားကွက်များအား ကြည့်ရှုပေးပါ။

| IRS ခွင့်ပြုထားသည့် ဝင်ငွေနုတ်ယူဖြတ်တောက်မှုများ (IRS အခွန်စည်းမျဉ်းများအပေါ် အခြေခံပြီး အပြောင်းအလဲများ နှင့် ကန့်သတ်ချက်များ ရှိနိုင်ပါသည်) | လက်သင့်ခံပေးနိုင်သော အတည်ပြုချက် ပုံစံများ |
| --- | --- |
| ကိုယ်ပိုင်လုပ်ငန်း အခွန်<br>ကိုယ်ပိုင်လုပ်ငန်းမှ လုပ်သက်အနားယူမှု အစီအစဉ်<br>ကိုယ်ပိုင်လုပ်ငန်း၏ ကျန်းမာရေး အာမခံ<br>ကြိုတင်အခွန် လုပ်သက်အနားယူမှုအကောင့် ထည့်ဝင်မှုများ<br>ကျန်းမာရေးအတွက် စုဆောင်းမှု အကောင့် (HSA) ထည့်ဝင်မှုများ<br>တစ်စုံတစ်ရာသော ပြန်လည်တောင်းဆိုမှုပြုနိုင်သည့် စီးပွားရေးလုပ်ငန်း အသုံးစရိတ်များ<br>01/01/2019 မတိုင်မီ တရားရုံးမှ မိန့်ကြားထားသည့် မယားစရိတ်/အိမ်ထောင်ဖက် ထောက်ပံ့ကြေး<br>စုငွေများမှ စောစီးစွာ နှုတ်ထွက်မှုအတွက် ပြစ်ဒဏ်ကြေး<br>လက်နက်ကိုင်တပ်ဖွဲ့ မိသားစုဝင်များ၏ နေရာပြောင်းရွှေ့မှု အသုံးစရိတ်များ<br>ပညာရေးဝန်ထမ်း အသုံးစရိတ်များ<br>ကျောင်းသားချေးငွေ အတိုး<br>ကျောင်းသား ကျူရှင်ကြေး | အချိန်စာရင်းများ နှင့် ပူးတွဲပေးပို့မှုများ အားလုံး အပါအဝင် သင်၏ မကြာသေးမီ နောက်ဆုံး အခွန်ပြေစာ မိတ္တူအပြည့်အစုံ တစ်စောင်၊ အကယ်၍ ၎င်းသည် တစ်နှစ်တာလုံးအတွက် သင်၏ လက်ရှိဝင်ငွေအား အကောင်းဆုံး ကိုယ်စားပြုဖော်ပြပေးနိုင်သည်ဆိုလျှင်၊ သို့မဟုတ်<br>IRS လျှောက်လွှာဖောင်များ (1098T ၊ 1098E)၊ သို့မဟုတ်<br>ဝင်ငွေနုတ်ယူဖြတ်တောက်မှု အရင်းအမြစ်ထံမှ လစဉ် သို့မဟုတ် သုံးလတစ်ကြိမ် ထွက်ဆိုဖော်ပြချက်တစ်ခု၊ သို့မဟုတ်<br>အရင်းအမြစ်ထံမှ ပြေစာများ |

## ကျွန်ုပ်၏ စာရွက်စာတမ်းများအား ကျွန်ုပ် မည်သို့ တင်သွင်းရမည်နည်း။

- **အွန်လိုင်း** – Washington Healthplanfinder
  - သင့်အကောင့်အတွင်းသို့ စာရင်းသွင်းဝင်ရောက်ပြီး၊ စာရွက်စာတမ်း စင်တာအတွင်းတွင် စာရွက်စာတမ်းများအား အပ်လုဒ်တင်သွင်းပါ
- **မိုဘိုင်း အက်ပ်** – WAPlanfinder အက်ပ်ပေါ်တွင် (iOS နှင့် အန်းဒရွိုက်များအတွက် ရရှိနိုင်သည်)
- စာရင်းသွင်းဝင်ရောက်ပြီးနောက် သင့် စာရွက်စာတမ်းများ၏ ဓာတ်ပုံအား တင်သွင်းရန်အတွက် "Document Center" (စာရွက်စာတမ်း စင်တာ)အား ရွေးချယ်ပါ
- **အီးမေးလ်** – HCA Apple Health Imaging Unit (ပုံရိပ်ဖော်ယူနစ်)
- **ဖက်စ်** – 1-855-867-4467
- **စာတိုက်** – Health Care Authority<br>P.O. Box 45531<br>Olympia, WA 98504-5531

## အကယ်၍ တောင်းဆိုထားသည့်အချိန်၌ ဝင်ငွေ အတည်ပြုချက်အား ကျွန်ုပ် မထောက်ပံ့ပေးနိုင်လျှင် မည်သို့ဖြစ်မည်နည်း။

အကယ်၍ နောက်ဆုံးသတ်မှတ်ရက်အမီ အချက်အလက်များအား ထောက်ပံ့ပေးခြင်း မရှိလျှင် HCA ဝန်ထမ်းများသည် ပြည်နယ် နှင့် ဖက်ဒရယ် စနစ်များအတွင်းရှိ အချက်အလက်များအပေါ်အခြေခံကာ Apple Health အတွက် အရည်အချင်းပြည့်မီမှုကို သတ်မှတ်ဆုံးဖြတ်ပေးဖို့ ကြိုးပမ်းကြည့်မည် ဖြစ်သည်။ အကယ်၍ သင်၏ အရည်အချင်းပြည့်မီမှုအား သတ်မှတ်ဆုံးဖြတ်နိုင်ခြင်း မရှိလျှင် HCA အနေနှင့် Apple Health အာမခံအကျုံးဝင်လွှမ်းခြုံမှုအား ဖျက်သိမ်းပေမည် သို့မဟုတ် အာမခံအကျုံးဝင်လွှမ်းခြုံမှုအား (ပရီမီယံကြေးအခြေပြုသည့် အစီအစဉ်တစ်ခုအပါအဝင်) အခြားသော အစီအစဉ်တစ်ခုသို့ လွှဲပြောင်းမည် ဖြစ်သည်။

## အချက်အလက်များ ထောက်ပံ့ပေးရန် ကျွန်ုပ် မည်မျှ အချိန်ရရှိပါမည်နည်း။

အချက်အလက်များ တောင်းဆိုသည့် စာတစ်စောင်အား သင့်ထံသို့ ကျွန်ုပ်တို့ စာတိုက်ပေးပို့သော ရက်စွဲမှစတင်၍ ၎င်းစာအား တုံ့ပြန်ဆောင်ရွက်ပေးဖို့ရန် 15 ရက် သင် အချိန်ရရှိမည် ဖြစ်သည်။ နောက်ဆုံးသတ်မှတ်ရက်အား သင့်စာထဲတွင်လည်း ဖော်ပြထားပါသည်။ အကယ်၍ တောင်းဆိုထားသော အချက်အလက်များအား ထောက်ပံ့ပေးနိုင်ဖို့ရန် သင် နောက်ထပ်သော အချိန်များ လိုအပ်ပါက HCA Ask MAGI သို့ အီးမေးလ်ပေးပို့ခြင်းအားဖြင့် သို့မဟုတ် 1-800-562-3022 သို့ ခေါ်ဆိုခြင်းအားဖြင့် ၎င်းသည်အား သင် တောင်းဆိုနိုင်မည် ဖြစ်သည်။

## သတင်းအချက်အလက်ဆိုင်ရာ စာသားအမှာစကားများ အတွက် တောင်းဆိုချက်

### အရည်အချင်းပြည့်မီမှုနောက်ပိုင်း ကြည့်ရှုစစ်ဆေးချက်များ

Apple Health (Medicaid) အမှုသည်များအနေနှင့် ၎င်းတို့၏ ဝင်ငွေအား အတည်ပြုပေးဖို့ရန် ထပ်ဆောင်း စာရွက်စာတမ်းများ တင်သွင်းပေးဖို့ လိုအပ်သည့်အခါ၌ အောက်ဖော်ပြပါ စာသား အမှာစကားများကို လက်ခံရရှိကောင်း လက်ခံရရှိနိုင်ပါသည်။

ကျွန်ုပ်တို့၏ မှတ်တမ်းများအရ တွေ့ရှိရသည်မှာ သင် သို့မဟုတ် သင်၏ ထောက်ခံခွင့်ပြုချက်ရရှိထားသော ကိုယ်စားလှယ် (AREP) သည် သင်၏ ဖုန်းနံပါတ်အား ကျွန်ုပ်တို့ထံ ပေးအပ်ထားပါသည်။ သင် သို့မဟုတ် သင်၏ AREP မှ သင်၏ ဝင်ငွေဆိုင်ရာ အတည်ပြုချက်များကို တင်သွင်းပေးဖို့ရန် ကျွန်ုပ်တို့ အလိုရှိပါသည်။ အကယ်၍ သင်သည် ဤဖုန်းနံပါတ်အား မကြာသေးခင်ကမှ ရရှိထားသူဖြစ်ပြီး၊ Apple Health အမှုသည်တစ်ဦး မဟုတ်ခဲ့လျှင် နောက်ထပ် ဤသို့သော အမှာစကားများ ထပ်မံရရှိခြင်း မရှိစေရန်ဌာ "STOP" ဟု ပြန်လည်ပေးပို့နိုင်ပါသည်။

> **အမှာစကား #1**
> "Apple Health (Medicaid) – အမှာစကား ရရှိမှု ကြိမ်ရည်များ ကွဲပြားနိုင်ပါသည်။ အမှာစကားနှင့် ဒေတာနှုန်းထားများ သက်ရောက်မှုရှိကောင်း ရှိနိုင်ပါသည်။ နှုတ်ထွက်ရန်အတွက် STOP ဟူ၍ ပြန်စာပေးပို့ပေးပါ။ အကူအညီရယူလိုပါက သို့မဟုတ် T&C များအား ကြည့်ရှုလိုပါက hca.wa.gov/ income-docs သို့ ဝင်ရောက်ကြည့်ရှုပါ။"

> **အမှာစကား #2**
> သတိပေးချက် – အာမခံအကျုံးဝင်လွှမ်းခြုံမှုအား ထိန်းသိမ်းထားနိုင်ရန်အတွက် ယခုပင် လုပ်ဆောင်လိုက်ပါ။ အကယ်၍ သင် မလုပ်ဆောင်ရသေးလျှင် wahealthplanfinder.org သို့ စာရင်းပေးဝင်ရောက်၍ စာအား ကြည့်ရှုပြီး၊ စာရွက်စာတမ်းများကို အက်ပ်လုဒ်တင်သွင်းလိုက်ပါ။

### ပိတ်သိမ်းသွားပြီဖြစ်ပါသလား။

သင် စာမပြန်သည့်အတွက်ကြောင့်ဌာ သင်၏ လျှောက်လွှာအား ကျွန်ုပ်တို့ ဖြည့်စွက်နိုင်ခြင်း မရှိသည့်အတွက်ကြောင့် သင်၏ အာမခံအကျုံးဝင်လွှမ်းခြုံမှုမှာ ပိတ်သွားပြီးသွားခဲ့ပြီဖြစ်လျှင် သင့်အနေနှင့် အောက်ဖော်ပြပါ စာသား အမှာစကားများအား လက်ခံရရှိကောင်း ရရှိနိုင်ပါသည်။ သင်၏ အရည်အချင်းပြည့်မီမှုအား ကျွန်ုပ်တို့ အတည်မပြုရသေးမီ ကျွန်ုပ်တို့အနေနှင့် နောက်ထပ်သော အချက်အလက်များ လိုအပ်ပါသည်။

> **အမှာစကား #1**
> "Apple Health (Medicaid) – အမှာစကား ရရှိမှု ကြိမ်ရည်များ ကွဲပြားနိုင်ပါသည်။ အမှာစကားနှင့် ဒေတာနှုန်းထားများ သက်ရောက်မှုရှိကောင်း ရှိနိုင်ပါသည်။ နှုတ်ထွက်ရန်အတွက် STOP ဟူ၍ ပြန်စာပေးပို့ပေးပါ။ အကူအညီရယူလိုပါက သို့မဟုတ် T&C များအား ကြည့်ရှုလိုပါက hca.wa.gov/ income-docs သို့ ဝင်ရောက်ကြည့်ရှုပါ။"

> **အမှာစကား #2**
> သတိပေးချက် – အာမခံအကျုံးဝင်လွှမ်းခြုံမှုအား ပြန်ဖွင့်ရန်အတွက် ယခုပင် လုပ်ဆောင်လိုက်ပါ။ အကယ်၍ သင် မလုပ်ဆောင် ရသေးလျှင် wahealthplanfinder.org သို့ စာရင်းပေးဝင်ရောက်၍ စာအား ကြည့်ရှုပြီး၊ စာရွက်စာတမ်းများကို အက်ပ်လုဒ် တင်သွင်းလိုက်ပါ။

## မကြာခဏ အမေးများသော မေးခွန်းများ

### စာသားအမှာစကားအား မည်သည့် ဖုန်းနံပါတ်မှ ရရှိမည်နည်း။

HCA သည် ဖုန်းနံပါတ် 833-772-9017 အား အသုံးပြု၍ စာသားအမှာစကားများ ပေးပို့သွားမည် ဖြစ်သည်။

### အကယ်၍ ကျွန်ုပ်ထံ၌ Apple Health အာမခံအကျုံးဝင်လွှမ်းခြုံမှု ရှိမနေလျှင် မည်သို့ ဖြစ်လာမည်နည်း။

အကယ်၍ သင့်တွင် Apple Health မရှိလျှင် ကျွန်ုပ်တို့ထံ၌ ရှိနေသော ဖုန်းနံပါတ်မှာ အခြားတစ်စုံတစ်ဦး အသုံးမပြုတော့သည့် ဖုန်းနံပါတ် သို့မဟုတ် မှားယွင်းနေသော နံပါတ်တစ်ခု ဖြစ်နေသောကြောင့် ဖြစ်နိုင်ခြေရှိပါသည်။ သင့်အနေနှင့် မည်သည့် ဆောင်ရွက်ချက်ကိုမျှ ပြုလုပ်ပေးဖို့ရန် မလိုပါ၊ ထို့ပြင် အနာဂါတ်တွင် ထိုသို့သော စာတိုပေးပို့မှုများ ထပ်မံမရရှိလိုပါက "STOP" ဟူ၍ သင် ပြန်စာပေးပို့ထားနိုင်ပါသည်။

အကယ်၍ သင့်တွင် သက်ဝင်နေသော ProviderOne ဝန်ဆောင်မှုများကတ်တစ်ကတ် ရှိနေလျှင် သို့မဟုတ် စီမံခန့်ခွဲမှုပြုသော စောင့်ရှောက်မှု အစီအစဉ် တစ်ခုအောက်တွင် သင့်အား ချမှတ်ပေးထားပါလျှင် သင့်တွင် Apple Health ရှိပေသည်။ စီမံခန့်ခွဲမှုပြုသော စောင့်ရှောက်မှု အစီအစဉ်များမှာ –

- Community Health Plan of Washington (ဝါရှင်တန်၏ ရပ်ရွာအဖွဲ့အစည်း ကျန်းမာရေးအစီအစဉ်)
- Coordinated Care (စုစည်းစီစဉ်ဆောင်ရွက်ထားသော ကုသစောင့်ရှောက်မှု)
- Molina Healthcare of Washington ကျန်းမာရေးစောင့်ရှောက်မှု
- UnitedHealthcare Community Plan of Washington ရပ်ရွာအဖွဲ့အစည်း အစီအစဉ်
- Wellpoint Washington (ယခင်က Amerigroup ဟု ခေါ်ဆိုပေသည်)

### စာတိုတစ်စောင်အား မည်မျှမကြာခဏ ကျွန်ုပ် ရရှိလိမ့်မည်နည်း။

သင် တင်သွင်းပေးဖို့ရန် လိုအပ်သော ဝင်ငွေဆိုင်ရာ စာရွက်စာတမ်းများ ရှိနေသည့်အခါတွင် စာသားအမှာစကားတစ်စောင်အား သင် လက်ခံရရှိလိမ့်မည် ဖြစ်သည်။ သင်၏ သက်တမ်းတိုးမှုအား ဆောင်ရွက်ပေးဖို့ရန် သို့မဟုတ် အရည်အချင်းပြည့်မီကြောင်း ကြည့်ရှုစစ်ဆေးမှုကို ဆောင်ရွက်ရန် လိုအပ်သည့်အခါများတွင်လည်း စာသားအမှာစကားတစ်စောင်ကို သင် လက်ခံရရှိနိုင်ပါသည်။ သင်၏ စီမံခန့်ခွဲမှုပြုထားသော စောင့်ရှောက်မှုအစီအစဉ်ထံမှ စာသားအမှာစကားများ ရယူဖို့ရန် သင်ရွေးချယ်ထားခဲ့လျှင်လည်း ၎င်းတို့သည် သင့်ထံသို့ စာသားအမှာစကားတစ်စောင် ပေးပို့ကောင်း ပေးပို့ပေမည်။

### စာတိုပေးပို့မှုများအား ကျွန်ုပ် ထပ်မံရယူလိုခြင်းမရှိတော့လျှင် မည်သို့ ဆောင်ရွက်ရမည်နည်း။

စာသားအမှာစကားများ သင် ဆက်လက် လက်ခံရယူလိုခြင်းမရှိတော့လျှင် "STOP" ဟူ၍ ပြန်စာပေးပို့လိုက်ပါ။

### ကျွန်ုပ်၏ အာမခံအကျုံးဝင်လွှမ်းခြုံမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် ဖုန်းမှတစ်ဆင့် ကျွန်ုပ် ငွေပေးချေရမည်ဟူသော စာသားအမှာစကားတစ်စောင်အား ကျွန်ုပ် လက်ခံရရှိခဲ့ပါသည်။ ၎င်းသည် မှန်ကန်ပါသလား။

HCA ၊ DSHS နှင့် Washington Healthplanfinder တို့သည် Apple Health အာမခံအကျုံးဝင်လွှမ်းခြုံမှုအတွက် စာရင်းသွင်းရန် သို့မဟုတ် စာရင်းပယ်ဖျက်ရန် ကိစ္စများနှင့်စပ်လျဉ်းပြီ ဘယ်သောအခါမျှ ငွေတောင်းခံမည် မဟုတ်ပါ။ လူလိမ်များသည် အမှုသည်များထံ စာသားအမှာစကားများပေးပို့၍၊ ထို့ပြင် ဖုန်းများခေါ်ဆို၍ Medicaid အာမခံအကျုံးဝင်လွှမ်းခြုံမှုကို သက်တမ်းတိုးဖို့ရန်အတွက်ဌာ သင်တို့ ငွေပေးချေပေးရမည်ဟု လိမ်လည်လျက်ရှိပါသည်။ HCA ၊ DSHS သို့မဟုတ် Apple Health မှ ဖြစ်သည်ဟု ဆိုလာသော မည်သူတစ်ဦးတစ်ယောက်ထံသို့မျှ သင်၏ ဘဏ်အချက်အလက်များ သို့မဟုတ် ခရစ်ဒစ်ကတ် အချက်အလက်များကို မျှဝေခြင်း မပြုပါနှင့်။

အကယ်၍ အလိမ်အညာဖြစ်သည်ဟု သင် ထင်မြင်သော ဖုန်းခေါ်ဆိုမှု သို့မဟုတ် စာသား အမှာစကားတစ်ခုအား သင် လက်ခံရရှိခဲ့လျှင် ဖုန်းချလိုက်ပါ၊ တုံ့ပြန်ဖြေကြားပေးခြင်း မပြုပါနှင့်။ ဖြစ်နိုင်ခြေရှိသော လိမ်လည်မှုဆိုင်ရာ တိုင်ကြားချက်များကို HCA ထံသို့ အောက်ဖော်ပြပါတို့မှတစ်ဆင့် သင် အစီရင်ခံတိုင်ကြားနိုင်ပေမည် –

- **အီးမေးလ်** – WAH Eligibility Fraud
- **အသံမေးလ်** – 360-725-0934
- **ဖက်စ်** – 360-725-1158 ၊ လိပ်မူရန် – WA Apple Health Fraud လိမ်လည်မှုဆိုင်ရာဌာန

### မေးခွန်းများရှိပါက မည်သူ့ထံသို့ ကျွန်ုပ် ဆက်သွယ်ရမည်နည်း။

Apple Health (Medicaid) – Apple Health သုံးစွဲသူဝန်ဆောင်မှုထံ 1-800-562-3022 သို့ ခေါ်ဆိုပါ၊ သို့မဟုတ် Ask MAGI သို့ အီးမေးလ်ပေးပို့ပါ။

# စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များ

## အသုံးပြုသူ၏ ပုဂ္ဂိုလ်ရေးရာစောင့်ထိန်းမှု

Washington ပြည်နယ်၏ Health Care Authority သည် သက်ဆိုင်ရာ အမှုသည်ထံမှ အချက်အလက် မွမ်းမံပြင်ဆင်မှုများအတွက်မှလွဲလျှင် အခြားသော ရည်ရွယ်ချက်များအတွက်ငှာ သင်၏ မိုဘိုင်းဖုန်းနံပါတ်အား မျှဝေခြင်းပြုမည်မဟုတ်သလို အသုံးပြုမည်လည်း မဟုတ်ပါ။

## အသုံးပြုသူဆိုင်ရာ အခကြေးများ

Washington ပြည်နယ်၏ Health Care Authority သည် စာသားအမှာစကားများ ရရှိသည့် လက်ခံရရှိသူများထံသို့ အခကြေးကောက်ခံမည် မဟုတ်ပါ။ သို့သော်လည်း အမှာစကားနှင့် ဒေတာနှုန်းထားအခများ သက်ရောက်မှုရှိကောင်း ရှိနိုင်ပါသည်။

## အကြိမ်ရည်

အမှာစကားရရှိမှု ကြိမ်ရည်များ ကွဲပြားနိုင်ပါသည်။

## နှုတ်ထွက်ရန် ရွေးချယ်မှု

နှုတ်ထွက်ဖို့ရွေးချယ်ရန် (အမှာစကားများ လက်ခံရရှိခြင်းကို ရပ်တန့်ရန်)အတွက်ငှာ သင့်မိုဘိုင်းကိရိယာဖြင့် STOP ဟူ၍ ပြန်စာပေးပို့လိုက်ပါ။ သင် နှုတ်ထွက်ရန် ရွေးချယ်သည်မှာ ဟုတ်၊မဟုတ် စာတိုပေးပို့၍ ကျွန်ုပ်တို့ အတည်ပြုမည် ဖြစ်ပြီး၊ ထို့နောက်တွင်မူ သင်သည် ထပ်မံ၍ ပြန်လည်ဝင်ရောက်ရန် ရွေးချယ်ခဲ့သော အခြေအနေမှလွဲ၍ Washington ပြည်နယ် Health Care Authority ထံမှ မည်သည့် နောက်ထပ်သော အမှာစကားများကိုမျှ လက်ခံရရှိတော့မည် မဟုတ်ပေ။

## ဝါရန်တီအာမခံချက်

Washington ပြည်နယ် Health Care Authority သည် ဤအစီအစဉ်နှင့် စပ်ဆက်နေသည့် SMS အမှာစကားတစ်စုံတစ်ရာ လက်ခံရရှိဖို့ရန် နှောင့်နှေးကြန့်ကြာမှုများ မှန်သမျှအတွက် တာဝန်ယူမည် မဟုတ်ပါ။ SMS အမှာစကား ပေးပို့မှုများသည် သင်၏ ကြိုးမဲ့ဝန်ဆောင်မှု ထောက်ပံ့သူ/ ကွန်ရက် အော်ပရေတာထံမှ ထိရောက်မှုရှိသော ကူးပြောင်းပေးပို့မှုအပေါ် မူတည်ပေသည်။ ကယ်ရီယာ သယ်ဆောင်သူများမှာမူ နှောင့်နှေးကြန့်ကြာသော သို့မဟုတ် ပေးပို့လာခြင်းမရှိသော အမှာစကားများအတွက် တာဝန်ယူမည် မဟုတ်ပေ။

## အမှု အသုံးပြုမှုဆိုင်ရာ ရှင်းလင်းချက်များ

Washington ပြည်နယ် Health Care Authority သည် Washington ပြည်နယ် Health Care Authority မှ ထောက်ပံ့ပေးထားသည့် အစိုးရ ဝန်ဆောင်မှုများနှင့်ပတ်သက်သော သတင်းအချက်အလက်များနှင့် အချက်ပြများတို့နှင့် သက်ဆိုင်သည့် SMS အမှာစကားများကို ပေးပို့သည်။

## မေးခွန်းများရှိပါသလား။

အကယ်၍ သင့်တွင် မေးခွန်းများ သို့မဟုတ် ပြဿနာများ ရှိလျှင်၊ သို့မှမဟုတ် အကူအညီလိုအပ်လျှင် ကျေးဇူးပြုပြီး Granicus support ထံသို့ ဆက်သွယ်ပါ။

# ပုဂ္ဂိုလ်ရေးရာစောင့်ထိန်းမှု မူဝါဒ

Washington ပြည်နယ် Health Care Authority သည် သင်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လေးစားပါသည်။ သင်၏ စာသားအမှာစကားအား ကူးပြောင်းပေးပို့ရန်အတွက်သာလျှင် သင် ထောက်ပံ့ပေးထားသည့် အချက်အလက်များကို ကျွန်ုပ်တို့ အသုံးပြုသွားမည် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အရေးယူခံရခြင်းအား ရှောင်ရှားနိုင်ရန် သို့မဟုတ် ကျွန်ုပ်တို့၏ ရပိုင်ခွင့် အခွင့်အရေးများ သို့မဟုတ် ပိုင်ဆိုင်မှုများကို ကာကွယ်ထိန်းသိမ်းရန်အတွက်ငှာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် အစိုးရ တောင်းဆိုလာသည်များတို့ကို ဖြည့်ဆည်းပေးဖို့ရန် လိုအပ်လာလျှင်မူ မည်သည့် အချက်အလက်များကိုမဆို ဖွင့်ဟပိုင်ခွင့်အား ကျွန်ုပ်တို့ အစဉ်ထိန်းသိမ်းရရှိထားပါသည်။

အွန်လိုင်းပေါ်တွင် သင် လျှောက်လွှာဖောင်အား ဖြည့်စွက်သည့်အခါ၌သော်လည်းကောင်း သို့မှမဟုတ် ကြိုးမဲ့ အမှာစကား ဝန်ဆောင်မှုတစ်ခုနှင့်ချိတ်ဆက်ပြီး အဖွဲ့အစည်းတစ်ခုထံ သင် အချက်အလက်များ ထောက်ပံ့ပေးသည့်အခါတွင်သော်လည်းကောင်း သင်သည် တိကျမှန်ကန်၍ ပြီးပြည့်စုံကာ စစ်မှန်သော အချက်အလက်များကိုသာလျှင် ထောက်ပံ့ပေးဖို့ရန် သဘောတူလက်ခံထားပေသည်။ ထို့ပြင် မှားယွင်းသော သို့မဟုတ် နားလည်မှုလွဲမှားစေနိုင်သော အမည်များ သို့မဟုတ် သင် အသုံးပြုခွင့်မရှိသော အမည်များကို အသုံးမပြုဖို့ရန်လည်း သင် သဘောတူလက်ခံထားပါသည်။ အကယ်၍ ကျွန်ုပ်တို့၏ တစ်ဦးတည်းဆုံးဖြတ်ပိုင်ခွင့်အရ ကျွန်ုပ်တို့အနေနှင့် အချက်အလက် တစ်စုံတစ်ရာသည် မမှန်ကန်ကြောင်း၊ မတိကျကြောင်း သို့မဟုတ် ပြည့်စုံမှုမရှိကြောင်း ယုံကြည်ပါလျှင် သင်၏ ဝန်ဆောင်မှုများ ရယူပိုင်ခွင့်ကို ကျွန်ုပ်တို့ ငြင်းဆန်နိုင်မည် ဖြစ်ပြီး၊ သင့်တင့်ရာ ဥပဒေဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားနိုင်ပါသည်။